*QuickVue At-Home OTC COVID-19 Test* နှင့်

# ကိုဗစ်(တ်) ၁၉ ရောဂါ စမ်းသပ်နည်း

*QuickVue At-Home OTC COVID-19 Test Kit* ၏ ရှင်းလင်းလွယ်ကူ သော ကိုဗစ်(တ်)ရောဂါပိုးရှိမရှိစမ်းသပ်နည်း။ အကြောင်းအရာစုံစုံလင်လင် အတွက် အတွင်းရှိ ညွှန်ကြားစာ နှင့် လူနာ အချက် အလက်စာ များမှာလေ့ လာပါ။ *QuickVue At-Home OTC COVID-19 Test Kit* FDA ၏ ခွင့်ပြုချက်အရ အရေးပေါ် အသုံး ပြုနိုင်ပါသည်။




ရောဂါစမ်းသပ်နည်းဗွီဒီယိုဖိုင်ကြည့်ရန်အတွက်အောက်ပါလင့်ခ်ကိုနှိပ်လိုက်ပါ

quickvueathome.com/#video_testkit-2




## စမ်းသပ်ကိရိယာအထုပ်ထဲဘာပါသလဲ

ကြိုဖြည့်ထားသောပြွန်ချောင်း
ပြွန်ချောင်းထိမ်းခွက်
ဝါဂွမ်းတံ (နှာမွှေးရန်အတွက်)
စမ်းသပ်ရန်ကဒ်ပြား
ညွှန်ကြားစာရွက်
လူနာအချက်အလက်များ

## လိုအပ်သောအရာ

နာရီ သို့ မဟုတ်အချိန်တိုင်းကိရိယာ(အထုပ်ထဲမပါ)

အချိန်တိကျခြင်းသည်စမ်းသပ်မှု အတွက်

အင်မတန်အရေးကြီးသည်



## စတင်စမ်းသပ်ရန်

လက်ဆေးပြီး နောက် စမ်းသပ်ကိရိယာကို ညီညာ ပြားချပ်သောမျက်နှာပြင်ပေါ်တွင်တင်လိုက်ပါ။ အခန်းတွင်အလင်းရောင်ကောင်းကောင်း ရှိရမည်။

အကယ်၍တစ်ခြားသူကို စမ်းသပ်ပေးလျှင် ပါးစပ်ဖုံးတပ်ရန်မမေ့ပါနှင့်။ စမ်းသပ်ကိရိယာအထုပ်ကို ဖွင့် ပြီး ဖေါ်ပြပါပစ္စည်းအားလုံး ပါ မပါ စမ်းဆစ်ပါ။ နာရီ စချိန်ပြီး နောက်စာမျက်နှာမှာ

ညွှန်ပြထားသောအတိုင်း တစ်ဆင့် ပြီး တစ်ဆင့် လုပ်ဆောင်သွားပါ။

# စမ်းသပ်နည်း

1
ပြွန်အဖုံးဖွင့်  ပြီး ပြွန်ထိမ်း

ခွက်ထဲထိုးထည့်လိုက်ပါ။



ဝါဂွမ်းတံ

ထိပ်ကိုမထိရ။



2

အထုပ်ကိုခွာပြီးဂွမ်းတံကိုထုပ်ပါ။

ဂွမ်းတံထိပ်ကိုမထိရ။



3 ဂွမ်းတံကိုနှာခေါင်းထဲသို့ လက်မဝက်  သို့
မဟုတ် တစ်လက်မ သုံးပုံတစ်ပုံအထိ
ထိုးထည့်ပြီး  ၄ ကြိမ်တိုင်တိုင် နှာခေါင်း နံရံကို
ဖိပြီး မွှေပေးပါ။ ထိုဂွမ်းတံ နှင့် အခြားနှာခေါင်း
ပေါက်ကို  အလားတူလုပ်ပေးပါ။ ကြာမြင့်ချိန်
၁၅ မိနစ်ဖြစ်ပါသည်။

4
နှာခေါင်းမှရသောနမူနာကို
စမ်းသတ်ပြွန် ထဲသို့ချက်ချင်း
အောက်ခြေရောက်သည် အထိ
ထိုးထည့်လိုက်ပြီး ၃ ကြိမ် သို့မဟုတ် ၄
ကြိမ်တိုင်တိုင်မွှေပေးပါ။




5 ဝါဂွမ်းတံကိုပြွန်ထဲ အနည်း
ဆုံးတစ်မနစ်စိမ်ထားပါ။ (နာရီ သို့ မဟုတ်
အချိန်တိုင်းကိရိယာသုံးပါ) အကယ်၍ သတ်မှတ်
ထားသော အချိန်အတိုင်း မပြည့်  သို့မဟုတ်ကျော်
လွန်လျှင်မှားရွင်း သော အဖြေ ရရှိနိုင်ပါသည်။






6

တစ်မိနစ်နောက်ပိုင်း ဂွမ်းတံကို စမ်းသပ် ပြွန်မှ
ထုတ်လိုက်ပါ။ မထုတ်ခင် စမ်းသပ်တံကို ပြွန်၏ နံရံနှင့်
ဖိတိုက်ပြီး အရည် ခမ်း  နိုင်သလောက်
ဖိတိုက်ညှစ်ထုတ်ပါ။ ဝါဂွမ်းတံကိုလွှတ်ပစ်ပါ။

7 စမ်းသပ်ကဒ်ပြားအခွံကို ခွာ ပြီး
ကဒ်ပြား၏ များပါသောအပိုင်း ကို
စမ်းသပ်ပြွန် ထဲသို့ထိုးထည့် ပြီး ၁၀ မိနစ်
စိမ်ထားပါ။ နာရီကြည့်ပါ။(နာရီ သို့ မဟုတ်
အချိန်တိုင်းကိရိယသုံးပါ)




8 ဆယ်မိနစ်နောက် စမ်းသပ်ကပ်ပြားကို  ပြွန်မှ
ထုတ် ပြီး အလင်းရောင်ရှိသော  ပြားချပ်သည့်
မျက်နှာပြင်ပေါ် တင် ပြီး ချက်ချင်း ကြည့် ပါ။ ၅
မိနစ်ထက်ကျော်လျှင်  မှားယွင်းသောရလာဒ်
ရနိုင်ပါသည်။



## စမ်းသပ်မှုရလာဒ်အဖြေဖတ်နည်း

ရောဂါပိုး ရှိမရှိ  သို့မဟုတ်  မှာယွင်းသောစမ်းသပ်မှု



အပြာ နှင့် ပန်းရောင် မျဉ်း =ရောဂါပိုးရှိနိုင်

အပြာနှင့် ပန်းရောင်  ပြလျှင်
ကိုဗစ်ပိုး ရှိနိုင် သည်။ သီးသန့်
ခွဲနေပါ။ အနေ အထိုင်မသက်
မသာ သို့မဟုတ် စိုးရိမ်မှု
ရှိလျှင်မိမိကျန်းမာရေး
စောင့်ရှောက်သူနှင့် ဆက် သွယ်ပါ။



အပြာရောင်  မျဉ်း=ရောဂါပိုးမရှိ
အပြာရောင်တွေ့လျှင် ရောဂါပိုးမရှိ
နိုင် ။ သို့ သော် အနေ
အထိုင်မသက် မသာ သို့မဟုတ်
စိုးရိမ်မှု ရှိ လျှင်မိမိကျန်းမာ ရေး
စောင့် ရှောက်သူ နှင့်
ဆက်သွယ်ပါ။



ပန်းရောင်မျဉ်း = မှာယွင်းသောစမ်းသပ်မှု

ပန်းရောင်  သို့မဟုတ်လုံဝမျဉ်းကြောင်း  မတွေ့
လျှင် မှားယွင်းသော စမ်းသပ်မှုဖြစ်သည်။
နောက်တစ်ခါ ပြန် လုပ်ပါ။ ကြိုဖြည့်ထားသော
ပြွန်ချောင်း/ ဝါဂွမ်းတံ/စမ်းသပ်ကဒ်ပြား
အသစ်သုံးပါ။  စမ်း သပ်မှု ရလာဒ် နှစ်ကြိမ်
မှားယွင်း လျှင် 1-833-784-2588  နံပါတ် ကို
ခေါ်ပါ။